ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၀.၉.၂၀၁၈)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါဝရပြု အပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြ သွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ (မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃) အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့ လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၁.၇.၂၀၁၈) ရက်နေ့၊ (၁.၈.၂၀၁၈) ရက်နေ့နှင့် (၂၇.၈.၂၀၁၈)ရက်နေ့များတွင် လွှတ်တော်ရေးရာကော်မတီ အခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်

စည်ပင်သာယာရေးဌာန၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်လမ်း ဦးစီးဌာနနှင့် ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးတို့မှ တာဝန်ရှိသူများသည် အဆိုပါဥပဒေ(မူကြမ်း)နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ ပေးပို့လာသော ပြင်ဆင်ရန်အကြံပြုချက်များအား စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (၁၈.၆.၂၀၁၈)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။ ဤဥပဒေ(မူကြမ်း)မှာ ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/ ၉၄ )နှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဇီဝမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေတို့ကို ကိုးကား၍ ပြုစုရေးဆွဲ ထားခြင်းဖြစ်ပါသည်။

ဥပဒေ (မူကြမ်း)တွင် အခန်းပေါင်း(၁၃)ခန်း၊ ပုဒ်မပေါင်း(၅၆)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါသည်။

**တင်ပြချက်**

ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင် ဖြည့်စွက်ရန် အကြံပြုချက်မှာ-

အမှတ်စဉ်(၁) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဇ)အဖြစ် **သစ်တောအရာရှိဆိုသည်မှာ ဤဥပဒေပါလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့်တာဝန်ခံမှ ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကိုဆိုသည်** ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု အကြံပြု ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း ပြီးတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီက (၁၉)ချက်၊ နောက်လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက စုစုပေါင်း (၈)ချက် အကြံပြုထားတာရှိပါတယ်။

ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ပြင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်များကို တစ်ခုချင်း အလိုက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ ကနေပြီးတော့မှ အမှတ်စဉ်(၁)ခုချင်းအလိုက် တင်ပြဖို့ဖြစ်ပါတယ်။ အမှတ်စဉ်(၁)ကို ပြန်လည်တင်ပြပါ။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁) ဖြစ်ပါ တယ်။ အခန်း(၁) ပုဒ်မ ၂(ဇ)အဖြစ် **သစ်တောအရာရှိ ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့် တာဝန်ခံမှ ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်**ဟု ဖြည့်စွက်ထား ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ပြင်ဆင်ထားတဲ့ နောက်ပိုင်းစာကြောင်းလေးမှာ သစ်တောဦးစီးဌာန၏ ဆိုတဲ့ **သစ်တောဦးစီးဌာန** ဆိုတဲ့စကားရပ်အစား ဒီဥပဒေကြမ်းရဲ့ ပုဒ်မ ၂ (ဆ)မှာ အဓိပ္ပာယ် ဖွင့်ဆိုချက်နဲ့ လိုက်လျောညီထွေဖြစ်စေဖို့အတွက် **“သစ်တော”**ဆိုတဲ့ စကားလုံးလေးကို ဖြုတ်ပေးဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ သဘောထားပြောပါ။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဝန်ကြီး၏ အဆိုပြု ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အဆိုပြုတင်ပြချက်အပေါ် ဝန်ကြီး၏အဆိုပြု ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ည)အဖြစ် အပန်းဖြေစခန်းဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့် အညီ အများပြည်သူတို့ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန် အရိပ်ရ အပင်များ၊ နှစ်ရှည်နှင့် ရာသီစားသုံးသီးပင်များ၊ နားနေဆောင်များ၊ **ကံစမ်းကစား ရုံများ၊** အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာစိုက်ပျိုး၊ ပြုစုတည်ထောင်ထားသော နေရာကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ကံစမ်းကစားရုံများလို့ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တည်ဆဲဥပဒေကို ပြန်ကြည့်တဲ့အချိန်မှာ ပြည်ထောင်စုအဆင့် တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၈၆ ခုနှစ် လောင်းကစား ဥပဒေပုဒ်မ ၂ (က) အဓိပ္ပာယ်ဖွင့်ဆိုထားရာမှာတော့ ကံစမ်းကစားခြင်းကိုလည်း လောင်းကစား အဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက် "**ကံစမ်းကစားရုံများ**" ဆိုတဲ့စကားရပ်ဟာ တည်ဆဲပြည်ထောင်စု ဥပဒေတစ်ခုနဲ့ ညှိစွန်းနေတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေ နဲ့ကတော့ ကံစမ်းကစားရုံများအစား အပျင်းပြေကစားလို့ရတဲ့ ကစားနည်းအားလုံးကို ခြုံငုံမိစေမဲ့ "**အားကစားရုံများ**"ဆိုတဲ့ စကားရပ်နဲ့ ထပ်မံပြီးတော့ ပြင်ဆင်ပေးဖို့ရန်အတွက် အကြံပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်ကို အသုံးပြု၍ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

ဒီနေရာမှာ ကျွန်တော်က ကိုယ်စားလှယ်များကို ဆန္ဒမဲပေးနိုင်ကြပါပြီဆိုတဲ့ အချက်ကို ကြေညာတဲ့အခါကြမှသာလျှင် စက်ခလုတ်ကို စတင်နှိပ်ကြဖို့ သတိပြုစေလို ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံ ဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲပေးဖို့ဖြစ်ပါတယ်။ ထပ်ပြောပါ့မယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ရှင်းပါတယ်နော်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး ကန့်ကွက်မဲများပါက မူလ အဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** စက်ဖွင့်လို့ရပြီ။ ကိုယ်စားလှယ်များ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၃၄)မဲ၊ ကြားနေ (၄)မဲ၊ ကန့်ကွက်မဲ (၇၂)၊ အဲ့ဒီတော့ ကန့်ကွက်မဲက များပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်မဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အဆိုပြုတင်ပြချက်အပေါ် ဝန်ကြီး၏အဆိုပြုပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃) ဖြစ်ပါ တယ်။ အခန်း(၁) ပုဒ်မ ၂(ခ)အဖြစ် သဘာဝ အပင် ဆိုသည်မှာ နေရင်းဒေသတွင် သဘာဝအတိုင်း မြေမျက်နှာပြင်ပေါ်၊ မြေမျက်နှာပြင်အောက်၊ အခြား အပင်များပေါ်၊ ရေစပ်၊ ရေပေါ်၊ ရေအောက်တို့တွင် ပေါက်ရောက်နေသောအပင်မျိုးစုံနှင့် ယင်းတို့၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း၊ မျိုးစေ့၊ တစ်သျှူးနှင့် မျိုး**ရိုး**ဗီဇများကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင် ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃) ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။ ပြင်တဲ့အချက်ကို သဘောတူတယ်ဆိုရင် သဘောတူတယ်လို့ပြောပါ။ သဘောတူပါ သလားခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ ဒီနေရာမှာ ကျွန်တော်နဲနဲ ရှင်းဖို့လိုပါမယ်။ မနေ့က သက်ဆိုင်ရာဝန်ကြီးနဲ့ညှိတဲ့အခါမှာ ဝန်ကြီးက သဘောတူတဲ့ဟာကို ဝန်ကြီးကို ကျွန်တော် ထပ်ပြီးမမေးတော့ပါဘူး။ ဒါ့ကြောင့်မို့ လွှတ်တော်ဆန္ဒကို ချက်ချင်းခံယူတာ ဖြစ်ပါတယ်။ အကယ်၍ ဝန်ကြီးကသဘောမတူဘူးဆိုရင် လွှတ်တော်ဆန္ဒကိုခံယူပါမယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(န)အဖြစ် စစ်ဆေးရေးအဖွဲ့ဆိုသည်မှာ အကြောင်းတစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် စစ်ဆေးတင်ပြနိုင်ရန် ကြီးကြပ်ရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ဒီနေရာမှာလည်း ဝန်ကြီးဆန္ဒမမေးတော့ဘဲနဲ့ လွှတ်တော်ဆန္ဒကို ချက်ချင်းပဲ ခံယူပါ့မယ်။ အမှတ်စဉ် (၄)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ပ)အဖြစ် **ကာကွယ်ထားသည့်** တောရိုင်းတိရစ္ဆာန် ဆိုသည်မှာ **သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ် ထားသော** လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၊ ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်တို့ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်ကို ခြွင်းချက်လေးတစ်ခုနဲ့ သဘောတူ ပါတယ်ခင်ဗျား။ ခြွင်းချက်ကတော့ ဝန်ကြီးဌာနဆိုတဲ့စကားရပ်ဟာ ဒီဥပဒေရဲ့ ပုဒ်မ

၂ အဓိပ္ပာယ် ဖွင့်ဆိုတဲ့နေရာမှာ ပုဒ်မ ၂ (ဂ)မှာ ဝန်ကြီးဆိုတာ ပြည်နယ်အဆင့် ရှမ်းပြည်နယ်မှ ဝန်ကြီးဌာနကို အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြည်ထောင်စုအဆင့် ဝန်ကြီး ဌာနကို ရည်ညွှန်းချင်တာဖြစ်တဲ့အတွက် ဝန်ကြီးဌာနဆိုတဲ့ စကားရပ်ရှေ့မှာ “**ပြည်ထောင်စု**” ဆိုတဲ့စကားရပ်လေး ဖြည့်စွက်ပေးဖို့နဲ့ ဒီဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ အကြံပြုချက်ကို အဲ့ဒီဖြည့်စွက်ချက်ကလေးနဲ့ သဘောတူညီပေးဖို့ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဒီနေရာမှာ ခုနကအတိုင်းပါပဲ။ ဝန်ကြီးရဲ့သဘောထားနဲ့ ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ သဘောထားဟာမတူညီဘူးဆိုတဲ့အခါ မဲခွဲပြီးတော့ ဆန္ဒယူမှာဖြစ် ပါတယ်။ ခုနအတိုင်းပါပဲ ကျွန်တော်က ဆန္ဒမဲပေးနိုင်ပါပြီဆိုမှ ခလုတ်ကို စတင်နှိပ်ဖို့ ဖြစ်ပါတယ်။ ထပ်ပြီးတော့ရှင်းပါမယ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲ ပေးရန်ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး၊ ကန့်ကွက်မဲများပါက ဝန်ကြီး၏ ဖြည့်စွက်ချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၄၉)မဲ၊ ကြားနေ (၆)မဲ၊ ကန့်ကွက်မဲ (၆၀)၊ ကန့်ကွက်မဲများပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကန့်ကွက်သည့်ဆန္ဒမဲများသည့်အတွက် ဝန်ကြီး၏ဖြည့်စွက်ချက် သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆) ဖြစ်ပါ တယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက် တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ(၄) **ပုဒ်မ(၄)အရ** ဖွဲ့စည်းသောစီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ဖြည့်စွက်ပေးပါရန် အဆိုပြု ထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ပုဒ်မ ၄ မှာစီမံခန့်ခွဲမှုဆိုင်ရာကော်မတီရဲ့ ဖွဲ့စည်းပုံကိုဖော်ပြထားပြီးတော့ ပုဒ်မ ၄ (ခ) (ဂ) (ဃ)မှာ ပုဒ်မ ၄ (ခ)မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာမှာဆိုပြီးတော့ လွတ်လွတ်လပ်လပ် ကြိုက်တဲ့ဌာနကိုထည့်လို့ရအောင် Space ချန်ထားပေးပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၄ (ဂ)မှာလည်း ဌာနဆိုင်ရာများအပြင် ပြင်ပကပညာရှင်အဖွဲ့ အစည်းတွေ၊ အကူအညီပေးတဲ့ အဖွဲ့အစည်းတွေ လွတ်လွတ်လပ်လပ်ထပ်မံဖြည့်သွင်း ဖွဲ့စည်းလို့ရအောင်လို့ အဖွဲ့အစည်းတွေ နာမည်မဖော်ပြဘဲ အဖွဲ့အစည်းများမှ ပညာရှင်များဆိုပြီး ထည့်ပေးထားပါတယ်။ နောက်ထပ် ပုဂ္ဂလိကပညာရှင် တွေကိုပါ ထပ်ပြီးဖွဲ့စည်းလို့ရအောင် ပုဒ်မ ၄ (ဂ)မှာ လွတ်လွတ်လပ်လပ် ထည့်သွင်းပေးဖို့ရန် အတွက် ဖော်ပြထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းပြုစုစဉ်ကတည်းက ဒီပုဒ်မဟာ လျာထားခြင်းထဲမှာ ပါဝင်ပြီးတော့ ဖွဲ့စည်းပုံမှာ လွတ်လွတ်လပ်လပ် လုပ်ထားပေးတဲ့အတွက် အဲ့ဒီပုဒ်မကို ဖြုတ်ထားပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မူလဥပဒေအတိုင်း ထားရှိဖို့ရန် အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်ရဲ့ သဘောထားကိုပြောပါ။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။**

ကျွန်တော်ရဲ့ပြန်လည် ပြင်ဆင်ဖြည့်စွက်တဲ့ အခန်း (၃) ကော်မတီများရဲ့ ပြန်လည် စီမံခန့်ခွဲရန်ကော်မတီများကိုသာ မူလ ဥပဒေကြမ်းမှာပါတဲ့ ပုဒ်မ ၄ မှာ အစိုးရအဖွဲ့သည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှုဆိုင်ရာကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် ဆိုပြီး (၅)ဦးပါဝင်တာဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီး လိုအပ်ရင်လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်ရန်အတွက် ပုဒ်မ ၄ အရ ပြန်လည်ဖြည့်စွက်ပြီး ဒီအောက်မှာဘဲ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်တယ် ဆိုတဲ့ဟာကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ လွှတ်တော်ရဲ့ ဆန္ဒကိုခံယူလိုပါတယ်။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲ ပေး၍ ပြင်ဆင်ချက်ကို သဘောမတူပါက ကန့်ကွက်မဲပေးဖို့ ဖြစ်ပါတယ်။ ထောက်ခံမဲများ ပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး၊ ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၅၂)မဲ၊ ကြားနေ (၆)မဲ၊ ကန့်ကွက်မဲ (၅၇)၊ ကန့်ကွက်မဲများသည့်အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ (စ)အဖြစ် ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်လုပ်ငန်း လုပ်ကိုင်သည့်ကာလကို ခွင့်ပြုသည့်နေ့မှစ၍ နှစ်ပေါင်း(၃၀) ခွင့်ပြုနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** သဘောတူပါတယ်ခင်ဗျား။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဝန်ကြီး၏ပြင်ဆင်ချက်ကို သဘောတူသင့်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤဥပဒေပါ ဝန်ကြီး၏ ရှင်းပြတဲ့အချက်ကို သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ဝန်ကြီး၏ဖြည့်စွက်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၈)ဖြစ်ပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက်တင်ပြ သွားမှာ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ (စ)အဖြစ် ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်လုပ်ငန်း ခွင့်ပြုသည့်အချိန်ကို **စတင်** ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း (၃၀)ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ပေးပါရန် အဆိုပြုထားပါတယ်။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်ရဲ့ သဘောထားကိုပြောပါ။

**ဦးသန်းထိုက်၊ ကလော မဲဆန္ဒနယ်အမှတ် (၂)။** စောစောက ဥပဒေကြမ်း အတည်ပြုတဲ့အထဲ ပါဝင်သွားပြီဖြစ်တဲ့အတွက် ပြည့်စုံသွားပါပြီ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်ပါ ဦးသန်းထိုက်ရဲ့ ပြင်ဆင်ရန် လွှတ်တော်ကိုတင်ပြတဲ့အချက်ကို သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၉) ဖြစ်ပါ တယ်။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် အဆိုပြုချက် များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇ (က) မြို့နယ် သစ်တောအရာရှိ **အဖွဲ့ခေါင်းဆောင်**၊ (ခ) မြို့နယ် အဆင့်ဌာနဆိုင်ရာများ **အဖွဲ့ဝင်** ပြင်ဆင်ပေးပါရန် အဆိုပြု ထားပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** မြို့နယ်သစ်တောအရာရှိကို တာဝန်ပေးမယ်ဆိုရင် တချို့ဥပဒေကြမ်းအရ ကြီးကြပ်ရေးကော်မတီကို ပေးအပ်ထားတဲ့တာဝန်တွေဟာ မြို့နယ်အဆင့်သစ်တော အရာရှိ တွေက ဥပဒေကြောင်းအရလုပ်ဖို့ရန်အတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ဖို့ရာအတွက် အခက်အခဲရှိတာကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ထားခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် မူလအတိုင်းထား ရှိဖို့ရန်အတွက် ကျွန်တော်တို့အနေနဲ့ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဒီနေရာမှာလည်းဘဲ လွှတ်တော်ဆန္ဒကို ခံယူဖို့ရှိပါတယ်။ ဦးခိုင်ညီညီကျော်ရဲ့ သဘောထားပြောပါ။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီး ခင်ဗျား။ မြို့နယ်တစ်မြို့နယ်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်

စီမံခန့်ခွဲမှုကော်မတီမှာ အလိုအလျောက်ဥက္ကဋ္ဌ ဖြစ်ပြီးဖြစ်ပါတယ်။ မြို့နယ်ဌာန ဆိုင်ရာတွေရဲ့ လိုအပ်ချက်တွေကို နဂိုသူ့ရဲ့အုပ်ချုပ်မှုအခွင့်အာဏာအရ ပေါင်းစပ်ညှိနှိုင်းနိုင်တဲ့ အခွင့်အာဏာ ရှိပြီးသားလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြို့နယ်တွေမှာ လိုအပ်သလို ကော်မတီတွေ ဖွဲ့စည်းတဲ့အခါ စီမံကိန်းရေးဆွဲတဲ့နေရာမှာပဲဖြစ်ဖြစ်၊ မြို့နယ်သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီမှာပဲဖြစ်ဖြစ် မြို့နယ် အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ ဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ယောက်ထဲဆီကို အကုန်လုံး စုပုံပြီးတော့ အပ်နှင်းထားသကဲ့သို့ ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာလည်း ကျွန်တော်တို့အခု ရှမ်းပြည်နယ်မှာ ပြဋ္ဌာန်းထားတဲ့ အပန်းဖြေ စခန်းနဲ့ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်း ခဲ့ပါတယ်။ မွန်ပြည်နယ်ဥပဒေရဲ့ ပုဒ်မ ၂၃ မှာလည်း ကြီးကြပ်ရေးအဖွဲ့ကို မြို့နယ်သစ်တောအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ် ဥပဒေ အဖြစ်ပြဋ္ဌာန်းထားတာကို လေ့လာ တွေ့ရှိရပါတယ်။

ဒါ့အပြင် ပြည်ထောင်စုကနေပြီး ပြဋ္ဌာန်းထားတဲ့ ဇီဝမျိုးကွဲနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နယ်မြေများကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေမှာလည်း ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ သတ်မှတ် တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သင့်လျော်သည့် သစ်တောအရာရှိတစ်ဦးဦးအား အုပ်ချုပ်ရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်လို့ နည်းဥပဒေမှာဒီလို ပြဋ္ဌာန်းဖို့ ရေးဆွဲထားတာ တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ လုပ်ပိုင်ခွင့် အင်မတန်များပြားနေတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စားမြို့နယ်သစ်တောအရာရှိကိုသာ အဖွဲ့ခေါင်းဆောင်ပေးအပ်ပေးဖို့ ကျွန်တော့အနေနဲ့ အဆိုပြုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီး၏ သဘောထားပြောပြီးပြီနော်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ပြောပြီးပါပြီ။

**ဥက္ကဋ္ဌ။** ဒါဆို မဲခွဲရမှာဖြစ်ပါတယ်။ ဒီအမှတ်စဉ်နဲ့ပတ်သက်လို့ အမှတ်စဉ် (၉) (၁၀) (၁၁) (၁၂) တို့ဟာ အတူတူဘဲဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တော

အရာရှိ စသည်အားဖြင့်တူတဲ့အတွက် အမှတ်စဉ် (၉) (၁၀) (၁၁) နဲ့ပတ်သက် လို့ အမှတ်စဉ် (၉)ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ ဖြစ်မှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခိုင်ညီညီကျော်၊ ရပ်စောက် (၁)၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး၊ ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၄၆)မဲ၊ ကြားနေ (၄)မဲ၊ ကန့်ကွက်မဲ (၆၅) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၂)ဖြစ် ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်ရဲ့ အဆိုပြုချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၁၀)(၁၁)(၁၂) အတူတူပဲ။ အမှတ်စဉ် (၁၃)ပြောပါ။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၉(က)အဖြစ် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် လျှောက်ထားလာပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ပေးရမည် ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၄) ဖြစ် ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆(ခ)အဖြစ် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၅) ဖြစ်ပါ တယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက် တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၈ အဖြစ် ကော်မတီသည် အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ပြုရာတွင် **မြေဧရိယာနှင့် စပ်လျဉ်း၍-**

**(က) အပန်းဖြေစခန်း လုပ်ငန်းဖြစ်ပါက ဧက (၁၀၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။**

**(ခ) တိရစ္ဆာန်ဥယျာဉ် လုပ်ငန်းဖြစ်ပါက ဧက (၁၀၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။**

**(ဂ) ရုက္ခဗေဒဥယျာဉ် လုပ်ငန်းဖြစ်ပါက ဧက (၅၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်** ဟု ပြင်ဆင်ပေးပါရန် အဆိုပြုတင်ပြထားပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** အဓိကကတော့ တိရစ္ဆာန်ရုံတွေအတွက် စဉ်းစားရတဲ့ကိစ္စ ဖြစ်ပါတယ်။ တိရစ္ဆာန်ရုံတွေ မှာ လုပ်ငန်းသဘောသဘာဝအရ တိရစ္ဆာန်အမျိုးအစား တစ်မျိုးချင်းစီအလိုက်

ထားရှိရတဲ့ စားကျက်မြေအကျယ်အဝန်းဟာ အသေးစိတ်ဆွေးနွေးရမှာဖြစ်တဲ့အတွက် နည်းဥပဒေထဲ ထည့်သွင်းရမှာဖြစ်တဲ့အတွက် ချန်လှပ်ထားခဲ့တဲ့အချက်ဖြစ်တဲ့အတွက် မူလအတိုင်းပဲ ထားရှိဖို့ရန် အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်ရဲ့ သဘောထားကိုပြောပါ။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတွေရေးဆွဲပြီး ပြဋ္ဌာန်းပြီးတဲ့ဟာနဲ့ ဥပဒေရဲ့နောက်ဆက်တွဲ မဖြစ်မနေထည့်သွင်း ပြဋ္ဌာန်းရမဲ့ နည်းဥပဒေရေးဆွဲတဲ့ ကြားကာလဟာ အင်မတန်မှ ကြာမြင့်တယ်၊ အချိန်ယူရ တယ်ဆိုတာ အားလုံးလည်းသိပြီးသားဖြစ်ပါတယ်။ ဥပဒေကြမ်းမှာပါတဲ့ ကာလခွင့်ပြုတဲ့ လိုအပ်သည့် အနည်းဆုံးမြေဧရိယာ အကျယ်အဝန်းနှင့် လုပ်ငန်းပမာဏဆိုတဲ့နေရာမှာ ဥပဒေ ကိုထုတ်ပြန် လိုက်ပြီဆိုတာနဲ့ လုပ်ငန်းရှင်တစ်ဦးအနေနဲ့သော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုခုကနေပြီး လုပ်ချင်တဲ့လုပ်ငန်းရှင်တစ်ဦးကနေပြီးတော့ မြေဧရိယာအကျယ်အဝန်းက ဘယ်လို သတ်မှတ်ချက်ရှိတာလဲအပေါ် မူတည်ပြီးတော့မှ ဒီလုပ်ငန်းအကြောင်းအရာကို စဉ်းစားရမှာ လည်းဖြစ်သလို၊ မြေတွေကို အကြောင်းအမျိုးမျိုးယူထားတဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ် တစ်ဦးဦးက နေပြီးတော့ ဒါကိုလည်း ကောင်းကောင်းအသုံးချနိုင်တဲ့ ဟာမျိုးလည်း သက်ရောက်သွားမှာဖြစ်တဲ့ အတွက် ကျွန်တော့အနေနဲ့ ကျွန်တော်ပြန်လည် ပြင်ဆင်ဖြည့်စွက် လိုတဲ့အတိုင်းပဲ လွှတ်တော်ကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီအမှတ်စဉ် (၁၅)နဲ့ပတ်သက်လို့လည်းပဲ လွှတ်တော်က စက်ခလုတ် သုံးပြီးတော့ ဆန္ဒရယူဖို့ဖြစ်ပါတယ်။ ဦးသန်းထိုက်၊ ကလော (၂)၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲ ပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ဦးသန်းထိုက်၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၄၈)မဲ၊ ကြားနေ (၅)မဲ၊ ကန့်ကွက်မဲ(၆၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကန့်ကွက်မဲများသည့်အတွက် မူလအဆို ပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါ တယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ (င)အဖြစ် ခွင့်ပြုထားသည့်လုပ်ငန်းကို လုပ်ငန်း ခွင့်ပြုမိန့်ပါ

သက်တမ်းကာလအတွင်း ထိုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ် တစ်ဦးဦးအား ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းလွှဲပြောင်းခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်ထားပါ တယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ဒီအချက်ကလည်း ဥပဒေပြုစဉ်ကတည်းက အကြိတ်အနယ်ဆွေးနွေးခဲ့ရတဲ့ အချက်လည်းဖြစ်ပါတယ်။ တကယ်လို့သာ ဥပဒေပြုရေးဆိုင်ရာကော်မတီက အကြံပြုတာ ကတော့ ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းလွှဲပြောင်းခြင်းမပြုရ ဆိုတာကတော့ ကော်မတီရဲ့ခွင့်ပြုချက်နဲ့ လုပ်ငန်းလွှဲပြောင်းလို့ရတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးခဲ့စဉ်အခါကတော့ အဲ့လိုသာလွှဲပြောင်းခွင့်ပြုမယ် ဆိုရင်ပြင်ပမှာ လုပ်ငန်းလိုင်စင်ကို အရောင်းအဝယ်လုပ်တဲ့ ဈေးကွက်တစ်ခု ပေါ်ပေါက်လာနိုင်တဲ့အတွက် တကယ်လို့များ မူလ လုပ်ပိုင်ခွင့်ရတဲ့သူက ဆက်လက်ပြီး လုပ်ကိုင်လိုခြင်းမရှိရင် ကော်မတီဆီကို ပြန်လည်အပ်နှံ စေပြီးတော့မှ နောက်ထပ်လုပ်ကိုင်တဲ့သူက ပြန်လည်လျှောက်ထားစေဖို့ဆိုပြီး အတည်ပြု တင်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ ကျွန်တော်တို့အနေနဲ့ မူလအဆိုပြုချက်အတိုင်း ထားရှိဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဒီနေရာမှာလည်းပဲ လွှတ်တော်ရဲ့ ဆန္ဒခံယူမှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါကထောက်ခံ ဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အား သဘောမတူပါကကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ် ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၂၈)မဲ၊ ကြားနေ (၁)မဲ၊ ကန့်ကွက်မဲ(၈၄) ဒီနေရာမှာ လည်းပဲ ကန့်ကွက်မဲများသည့်အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ (ဠ)အဖြစ် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မ ၉ ပုဒ်မခွဲ (က) အရ

အပန်းဖြေ စခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လျှောက်ထားသူသည် ခွင့်ပြုမိန့် မရမီ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် မြေနေရာအတည်ပြုချက်ရရှိရေး ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၇)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။**အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၅(ဂ)အဖြစ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း ဟု ဖြည့်စွက် ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၈) ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၆ အဖြစ် ကော်မတီသည် ဤဥပဒေအရ တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေကျပ် ငါးသောင်းအထိ ပေးဆောင်ရန် စီမံခန့်ခွဲမှုဆိုင်ရာအမိန့် ချမှတ်နိုင်သည်။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့လည်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ဒီကိစ္စကိုလည်း ဥပဒေပြုရေးမှာ ဝိုင်းပြီးတော့အကြံပြုခဲ့တဲ့ ပညာရှင်တွေရဲ့ အကြံပြုချက်၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ ညှိနှိုင်းပြီးဖြစ်ပါတယ် ခင်ဗျား။ ညှိနှိုင်းချက်အရကတော့ ကော်မတီရဲ့အကြံပြုချက်မှာ နောက်ပိတ်ဆုံး စာကြောင်းမှာ သီးသန့်စာကြောင်းမထည့်ဘဲနဲ့ ရှေ့ဆုံးမှာ သူ့ရဲ့သဘောတရားကတော့ ပြည်နယ်အဆင့် ကော်မတီရဲ့လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့ဆီကို ဖြေလျော့ပေးတဲ့ သဘောတရား ဖြစ်တဲ့အတွက် စာပိုဒ်ရဲ့အစမှာရှိတဲ့ ကော်မတီသည် ဆိုတဲ့စကားရပ်အစား ကြီးကြပ်ရေးအဖွဲ့သည်ဆိုတဲ့ စကားရပ်ကိုဖြည့်လိုက်မယ်ဆိုရင် နောက်ဆုံးက စာကြောင်း ဖြစ်တဲ့ မြို့နယ် ကြီးကြပ်ရေးအဖွဲ့သို့လည်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်ဆိုတဲ့ စာကြောင်း ထည့်စရာ မလိုတော့ ဘဲနဲ့ လိုရင်းတိုရှင်း ကျစ်ကျစ်လစ်လစ်ဖြစ်မှာဖြစ်တဲ့အတွက် အဲ့ဒီအတိုင်း စာကြောင်းကို ပြင်ဆင်ဖို့ရန်အတွက် လွှတ်တော်ကော်မတီနဲ့ သဘောတူညီထားတာ ရှိပါတယ် ခင်ဗျား။ နောက်တစ်ချက်အနေနဲ့ကတော့ ဒဏ်ကြေးငွေကျပ် ငါးသောင်းဆိုတာကတော့ အပန်းဖြေ လာရောက်တဲ့ အများပြည်သူတွေအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်စေနိုင်ပြီးတော့ တိုင်းတာဖို့ရာ ခဲယဉ်းပြီး အောက်ခြေအဆင့်ဝန်ထမ်းတွေကြားထဲမှာ လာဘ်ပေးလာဘ်ယူများ ဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လက်ရှိငွေကြေးဖောင်းပွနှုန်းနဲ့တွက်ဆပြီးတော့ ငွေငါးသောင်းအစား ငွေနှစ်သောင်းထားဖို့ရန်အတွက် သဘောတူညီထားပြီးဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြုရရင်တော့ မဲခွဲလိုက်ရင်တော့ အကြံပြုလိုက်တာက မူလ အဆိုအတိုင်းလည်းမဟုတ် ရေးရာကော်မတီကနေပြီးတော့ အကြံပြုချက်သဘောတရား ကိုလက်ခံပြီးတော့ စကားလုံးလေးကို ပြင်ထားတာဖြစ်တဲ့အတွက် ရေးရာကော်မတီက သဘောတူတယ်ဆိုရင် မဲမခွဲတော့ဘဲ လွှတ်တော်ဆီကနေပြီးတော့ သဘောထားဆန္ဒရယူ ပေးဖို့ရာအတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဝန်ကြီးရဲ့အကြံပြုချက် ကိုသဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၉) ပါ အချက်နဲ့စပ်လျဉ်းပြီး ၎င်းပြင်ဆင်ချက်နှင့် ဝန်ကြီး၏ ရှင်းလင်းချက်အတိုင်း အတည်ဖြစ်သည်လို့ ယူဆရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီး၏ အဆိုပြု ရှင်းလင်းချက်အတိုင်း သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်နှင့် ဝန်ကြီး၏အဆိုပြု ရှင်းလင်းချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၀) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၆ (ဃ) တိရစ္ဆာန် ဥယျာဉ်အတွင်းရှိ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊ အနာတရဖြစ်စေခြင်း၊ အထိတ်တလန့်ဖြစ်စေခြင်း၊ အသံဖြင့်အနှောင့်အယှက်ပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကိုလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၇ ကော်မတီသည် ဤဥပဒေအရ တည်ထောင် ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်တစ်သိန်းအထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ဒဏ်ငွေ တစ်သိန်းပြင်ဆင်တာကို သဘောတူပါတယ်။ စာစောက အမှတ်စဉ် (၁၉) တုန်းကလိုပဲ ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ ထပ်ပြီးညှိလိုက်တာကတော့ ဒီကိစ္စမှာ ဒဏ်ငွေ တစ်သိန်းလောက်ကလည်း ပြည်နယ်အဆင့်ကော်မတီကနေပြီးတော့ လုပ်စရာမလိုဘဲ မြို့နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့ကနေပြီး ဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စမျိုးဖြစ်တဲ့အတွက် စာပိုဒ်ရဲ့အစ ကော်မတီသည်ဆိုတဲ့စကားရပ်အစား ကြီးကြပ်ရေးအဖွဲ့သည်ဆိုပြီး အဲ့လိုမျိုး လေးပါ ထပ်မံပြင်ဆင်ပေးဖို့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အကြံပြုချက်မှာ အဲ့ဒါမျိုးလေး လုပ်ပေးဖို့ရန်အတွက်သဘောတူထားတာတော့ ရှိပါတယ်ခင်ဗျား။ အဲ့ဒါကလည်း စာစောက အမှတ်စဉ် (၁၉) လိုပါပဲ ခင်ဗျား။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဝန်ကြီးရဲ့အကြံပြုချက်ကိုသဘောတူလက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီး၏ အဆိုပြုရှင်းလင်းချက်အတိုင်း လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်နှင့် ဝန်ကြီး၏အဆိုပြု ရှင်းလင်းချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၂) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၃၁ကို ပုဒ်မ ၃၀ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၃၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ။** ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၂၃) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၃၁ အဖြစ် ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေး ဆိုင်ရာ အရေးယူမှုကို လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ တရားစွဲဆိုစေနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု အကြံပြုထားပါတယ်။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၃)ပါဥပဒေပြုရေးဆိုင်ရာကကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၄) ဖြစ်ပါ တယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်အဆိုပြုချက်များကို ဆက်လက် တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၁၃) ကော်မတီမှ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု ဖြည့်စွက် ပေးပါရန် အဆိုပြုထားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၃)ပါ ဦးသန်းထိုက်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ကျွန်တော်ပြောစရာတစ်ခုရှိပါတယ်ခင်ဗျား။ ဒီပြင်ဆင်ချက်က အမှတ်စဉ် (၂၆)မှာ ကြည့်ပေးပါခင်ဗျား။ အမှတ်စဉ်(၂၆) အခန်း(၁၃) ပုဒ်မ ၅၃ အတွက်ကို ပြည်နယ် ဥပဒေပြုရေး ဆိုင်ရာကော်မတီကနေပြီးတော့ ပြင်ဆင်ရန်အကြံပြုချက်ရှိပါတယ်။ အဲ့ဒါ ကတော့ နောက်ဆုံး ဟိုဖက်စာမျက်နှာမှာ စာမျက်နှာ ၆ မှာ မျဉ်းသားထားတဲ့ သို့သော်

ကော်မတီမှ ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့လက်ခံပြီးဖြစ်တဲ့အတွက် ဒါဟာဆိုရင်သဘောတရားတစ်ခုထဲဖြစ်ပြီးတော့ ကော်မတီရဲ့ပြင်ဆင်ချက်က ကျစ်လစ်ပြီး လိုရင်းတိုရှင်းဖြစ်တဲ့အတွက် အဲ့ဒီအတိုင်းထားရှိ ပေးဖို့ရန်အတွက် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ခုနကမေးနေတာက အမှတ်စဉ် (၂၄)ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးက (၂၆)ပါ သဘောတူတယ်ဆိုတော့ ကျွန်တော့်အနေနဲ့ နားလည်တာက အမှတ်စဉ် (၂၄) (၂၅)နဲ့ အမှတ်စဉ် (၂၆)ကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က သဘောတူတယ်လို့ပဲ ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ ဟုတ်ပါသလား။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ဟုတ်ကဲ့ခင်ဗျား။ ဦးသန်းထိုက်တင်ပြတာကတော့ ပုဒ်မတစ်ခု သီးသန့် ဖြည့်စွက်ပေးဖို့ တင်ပြတာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းထားတာကတော့ ပုဒ်မ ၅၃ မှာ ရေးရာ ကော်မတီကနေပြီးတော့ အဆိုပြုတဲ့အတိုင်း အဲ့ဒီအချက်ကို ပုဒ်မ ၅၃ ရဲ့နောက်မှာ အသုံးအနှုန်း မတူတဲ့ စာကြောင်းတစ်ခုနဲ့ ဖြည့်ထားတာကို ကျွန်တော်တို့ သဘောတူထားတာဖြစ်ပါတယ်။ သီးသန့်ပုဒ်မအနေနဲ့ ထည့်ဖို့ရာမဟုတ်ပါဘူး ခင်ဗျား။

**ဥက္ကဋ္ဌ။** အခြားပုဒ်မ ထည့်စရာမလိုဘူးလား။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။** ဖြည့်စွက်ပြီးဖြစ်တဲ့အတွက် ဒီဟာက သီးခြားပုဒ်မ ထည့်စရာမလိုတော့ပါဘူး ခင်ဗျား။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်က တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလော မဲဆန္ဒနယ်အမှတ် (၂)။** ဟုတ်ကဲ့။ စောစောက သက်ဆိုင်ရာ ဝန်ကြီးကလည်း ကျွန်တော်မူလတင်ပြထားတဲ့ အခန်း (၁၃)ရဲ့ ရည်ရွယ်ချက်နဲ့ အမှတ်စဉ် (၂၆)မှာ အခန်း (၁၃)၊ ပုဒ်မ ၅၃ မှာပါတဲ့ဟာက ဆက်စပ်မှုရှိတဲ့အတွက် အစိုးရဝန်ကြီးက တင်ပြတဲ့ အချက်က ဒီတိုင်းပဲအဆင်ပြေပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၄)ပါ မူလ အဆိုပြုချက်နှင့်ပတ်သက်လို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၅) ဖြစ်ပါ တယ်။ အခန်း(၁၃) ပုဒ်မ ၃၉(က) ဖြစ်မှုကျူးလွန်သူကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သက်ဆိုင်ရာသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါ ကြောင်း အကြံပြုထားပါတယ်။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၅)ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။**
အမှတ်စဉ်(၂၆)ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၅၃ အဖြစ် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကို သော်လည်းကောင်း၊ ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးဦးကို သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမ ကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။ သို့သော် ကော်မတီမှ ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့် ပါသည်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၆)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက် တင်ပြ သွားမှာဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၅၃ အဖြစ် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေ အထောက်အထားခိုင်လုံ သည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီအဖွဲ့ဝင် တစ်ဦးဦးကို သော်လည်းကောင်း၊ ကြီးကြပ်ရေး အဖွဲ့ဝင် တစ်ဦးဦးကိုသော်လည်းကောင်း၊ ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်းမရှိစေရ။ ဤဥပဒေသည် မသမာမှုပြုလုပ်သည့် ကိစ္စရပ်များအပေါ် သက်ရောက်ခြင်းမရှိစေရဟု ဖြည့်စွက်ပေးပါရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်မှာ ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ အမှတ်စဉ်(၂၆) အခန်း(၁၃)၊ ပုဒ်မ ၅၃ နှင့် သဘောထား ချင်းအတူတူဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၂၇)ပါ ဦးသန်းထိုက်၏ ပြင်ဆင်ထားသည့်အချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (၁၈-၆-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်က အတည်ပြု ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုပြု တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)ကို ဒီကနေ့ လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်မှာ သဘောတူပြီးဖြစ်တဲ့အတွက် ဥပဒေ(မူကြမ်း)ကို ဥပဒေအဖြစ် အတည်ပြုပေး နိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (၁၈-၆-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အပန်းဖြေ စခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား အတည်ပြုကြောင်း ကြေညာပါတယ်။